# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားရုံးချုပ် Sumitomo ခန်းမ၌ ကိုရီးယားနိုင်ငံ၏ KOTRA အထောက်အပံ့ဖြင့် Public Private Partnerships , Rolling Stock Repair and Maintenance – Depot Project နှင့် Advance Signalling System and Control ဆိုင်ရာသင်တန်းများဖွင့်လှစ်

နေပြည်တော် ဒီဇင်ဘာ – ၃

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားရုံးချုပ် Sumitomo ခန်းမ၌ ကိုရီးယားနိုင်ငံ၏ KOTRA အထောက်အပံ့ဖြင့် ပို့ဆောင်ရေးလုပ်ငန်းများ သင်တန်းဖွင့်ပွဲအားယနေ့ နံနက် (၁၀) နာရီတွင် ကျင်းပပြုလုပ်သည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့်၊ မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများ၊ ကိုရီးယားနိုင်ငံ KOTRA Soosung Engineering Co.,Ltd.မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းတက်ရောက်ကြမည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ဌာနအသီးသီးမှ အရာထမ်းများ တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲ၌ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက အမှာစကားပြောကြားရာတွင် ပို့ဆောင်ရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့်အသိပညာ ဗဟုသုတနှင့်အတွေ့အကြုံကောင်းများရရှိစေရေးအတွက် ရည်ရွယ်ဖွင့်လှစ်သော သင်တန်းတစ်ခုဖြစ်ပါကြောင်း၊ PPP စနစ်ဖြင့် ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်း ဖြင့်မှာကြားပါသည်။

ဆက်လက်၍ ကိုရီးယားနိုင်ငံ KOTRA , Soosung Engineering Co., Ltd. မှ Mr.Suksu KIMက အမှာစကားပြောကြားရာတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းတွေအနေနဲ့ ကြိုးစားသင်ကြားကြပြီး မိမိတို့ဌာန တိုးတက်အောင်မြင်စေရေးအတွက် ကြိုးစားသွားကြ မယ်လို့ယုံကြည်ပါကြောင်း၊ နိုင်ငံရဲ့အခြေခံအဆောက်အဦများ တိုးတက်လာအောင် ဆောင်ရွက်လျက်ရှိတာကိုတွေ့ရှိရပါကြောင်း၊ ဒါ့ကြောင့်မိမိတို့အနေနဲ့ တက်နိုင်သလောက် ဖြည့်ဆည်း ဆောင်ရွက်ပေးတာဖြစ်ပါကြောင်းဖြင့် မှာကြားပါသည်။

အဆိုပါသင်တန်းအား၃.၁၂.၂၀၁၉ရက်နေ့မှ ၅.၁၂.၂၀၁၉ရက်နေ့ထိ (၃)ရက်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမှာဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာ့မီးရထား